# ဇန္နဝါရီ (၂၃)

"စစ်အတတ်ကိုလည်း နောက်တဖန်မသင်ရကြ" (ဟေရှာယ ၂း၄)

**မ**ကြာတော့သော ရက်တစ်ရက်တွင် ဘုရင်တကာတို့၏ ဘုရင်သည် သူနိုင်ငံတော်ကို ထူထောင်ရန် ပြန်လည်ကြွမြန်းလာပေလိမ့်မည်။ "ထာဝရဘုရားသည် လူမျိုးတို့တွင် တရားစီရင်၍ များပြားသောလူတို့ကို ဆုံးမတော်မူသဖြင့် သူတို့ဓါး လက်နက်များကို ထွန်သွားဖြစ်စေခြင်ငှါဂင်း လှံများကိုတံစဉ်ဖြစ်စေခြင်းငှါ လည်းကောင်း ထုလုပ်ကြလိမ့်မည်။" (ဟေရှာယ ၂း၄) ထိုအချိန်တွင် ကမ္ဘာကြီး၏ ပထမဆုံးသော ပြည့်စုံပြီးမြောက်ခါ တာရှည်ခံမည့် လက်နက်ဖျက်သိမ်းမှုကြီး ဖြစ်လာလိမ့်မည်ဟူ၍ ၎င်းတို့၏ ဖျက်ဆီးတတ်သော လက်နက်များကို ငြိမ်းချမ်းရေးနှင့်ဆိုင်သော ကိရိယာ တန်ဆာပလာများအဖြစ်သို့ ပြောင်းလဲကြပေမည်။

နောက်ဆုံးတွင် ဘုရားသခင်၏ သားတော်နှင့်ကိုယ်တော်တိုင် ငြိမ်းချမ်းရေး၏ အရှင်ဖြစ်သော သခင်ယေရှု ခရစ်တော်၏ အုပ်ချုပ်မှုအောက်တွင် ကမ္ဘာမြေပေါ် ငြိမ်းချမ်းရေး ရရှိပေလိမ့်မည်။ ယနေ့၏ဆိုးယုတ်ပြီး ရန်ညှိုးကို လက်စားချေတတ်သော စစ်မက်လူသားတို့ ဆီးတားရပ်ဆိုင်းပစ်လိုက်ခြင်းကို ခံကြရလိမ့်မည်။ အင်အားကြီးနှင့် အနိမ့်ခံအားနည်းသူဟူ၍ မရှိတော့။ စစ်မက်ဖြစ်ပွားခြင်းနှင့်ဆိုင်သော လုပ်ငန်းမှန်သမျှကို သူသည် အဆုံးသတ်ပစ်ပေလိမ့်မည်။ "လေးကိုချိုးလျက်၊ လှံကိုအပိုင်းပိုင်းဖြတ်လျက်၊ ရထားကိုမီးရှို့လျက် မြေကြီးစွန်းတိုင်အောင် ငြိမ်းစေတော်မူ" (ဆာလံ ၄၆း၉) ဤစစ်လေယာဉ်များ၊ သံချပ်ကာကားများနှင့် ဒုံးပျံများအားလုံး မီးလောင်ပျက်ဆီးခြင်းသို့ ရောက်ကြရမည်။ ဘုရားသခင်၏ ကျေးဇူးတော်ပင်ဖြစ်သည်။

ထိုအချိန်ကျမှသာလျှင် တန်ခိုးအာဏာ အမြင့်မားဆုံးသော အုပ်ချုပ်မှုနှင့် ငြိမ်သက်ခြင်း၏အရှင်နှင့် သူ၏ငြိမ်းချမ်းရေးဆိုင်ရာ လူယောကျ်ား၊ မိန်းမတို့၏ အုပ်ချုပ်မှုအောက်တွင် နောက်ဆုံးစစ်ပွဲများချုပ်ငြိမ်းခြင်းသို့ ရောက်ရှိကြရမည်ဖြစ်သည်။ ထိုအချိန်ကျမှသာလျှင် ကမ္ဘာမြေကြီးသည် လူအားလုံးအတွက် တရားမျှတမှု လွတ်လပ်မှု ငြိမ်းချမ်းရေး ပေါများကြွယ်ဝခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက် ခြင်းတို့ဖြင့် သင့်တင့်လျောက်ပတ်စွာ ကောင်းမွန်စွာအုပ်ချုပ်မှုကို ခံရလိမ့်မည်ဖြစ်သည်။ ဟာလေလုယ။

ထိုနေ့သည် မည်မျှကောင်းမွန်လှသည့် နေ့တစ်နေ့ဖြစ်လိမ့်မည်နည်း။